၁.၇.၂၀၂၃

## နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်တင်ပို့မှုအတွက် ပို့ကုန်ကြိုတင်ဝင်ငွေ ဝင်ရောက်ရမည့် Advance Telegraphic Transfer (TT ) စနစ် ခွင့်ပြုသည့်စနစ်ကို ဖြေလျှော့ဆောင်ရွက်မှု လုပ်ငန်းစဉ်

**အကျိုးအကြောင်းဖော်ပြချက်**

၁။ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ထုတ်ပြန်သော ပို့ကုန် သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၁၁/၂၀၂၃)အရ ယခင်က ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် မြေပဲဆံ တို့ကို ပို့ကုန်အတွက် ကြိုတင်ငွေ ပေးသွင်းဝင်ရောက်သည့် (Advance Telegraphic Transfer -TT) စနစ်ဖြင့် ခွင့်ပြုခြင်းမှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ ပို့ကုန်ရငွေကြိုတင်ပေးသွင်းရန် မလိုဘဲ ဘဏ်များတွင် အပ်နှံငွေ(Deposit) ကို PO Cheque ဖြင့် ပေးသွင်းစေ၍ ပို့ကုန်လိုင်စင်ခွင့်ပြု ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**လုပ်ငန်းစဉ်**

၂။ နယ်စပ်ကုန်သွယ်မှုဖြင့် ပို့ကုန်တင်ပို့ရာတွင် ပို့ကုန်လုပ်ငန်းရှင်များသည် အောက်ပါလုပ်ငန်း စဉ်အတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် သက်တမ်း (၃)နှစ်နှင့်အထက် ရှိသည့် ကုမ္ပဏီ များသည် ပို့ကုန်လိုင်စင်လျှောက်ထားမည့် ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၂၀ %အား အာမခံကြေး(Deposit)အဖြစ် သက်ဆိုင်ရာနယ်စပ်ဒေသများရှိ AD ဘဏ်များတွင် PO Cheque ဖြင့် ပေးသွင်းရန်၊

(ခ) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် သက်တမ်း (၃)နှစ်အောက် ရှိသည့် ကုမ္ပဏီများ သည် ပို့ကုန်လိုင်စင်လျှောက်ထားမည့် ပို့ကုန်တန်ဖိုးစုစုပေါင်း၏ ၃၅ % အား အာမခံကြေး(Deposit)အဖြစ် သက်ဆိုင်ရာနယ်စပ်ဒေသများရှိ AD ဘဏ်များတွင် PO Cheque ဖြင့် ပေးသွင်းရန်၊

(ဂ) ပို့ကုန်လိုင်စင်အတွက် သတ်မှတ်ထားသည့် အပ်နှံငွေပမာဏပြည့်မီကြောင်း PO Cheque အထောက်အထားဖြင့် သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးဇုန်၊ စခန်း

သို့မဟုတ် ပို့ကုန်သွင်းကုန်ရုံးများတွင် ပြသအပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်လိုင်စင်လျှောက်ထားရန်၊

(ဃ) ပို့ကုန်လိုင်စင်ရရှိပြီး သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးဇုန်၊ စခန်း သို့မဟုတ် ပို့ကုန်သွင်းကုန်ရုံးများရှိ အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန်ရှင်းလင်းပြီး ပြည်ပတင်ပို့မှု ဆက်လက်ဆောင်ရွက်ရန်၊

(င) အကောက်ခွန်ရှင်းလင်းပြီးသည့်နေ့မှ အလုပ်လုပ်ရက် (၇)ရက်အတွင်း သက်ဆိုင်ရာ AD ဘဏ်များရှိ ကုမ္ပဏီ၏ ငွေစာရင်းသို့ ပို့ကုန်ရငွေ ဝင်ရောက်ကြောင်း အထောက်အထားအား သက်ဆိုင်ရာ ကုန်သွယ်ရေးဇုန် သို့မဟုတ် ကုန်သွယ်ရေးစခန်းများသို့ ပြသ၍ အပ်နှံထားသည့် PO Cheque ထုတ်ယူနိုင်ရေး ဆောင်ရွက်ရန်၊

(စ) သတ်မှတ်ကာလကျော်လွန်ပြီးမှ ပို့ကုန်ဝင်ငွေ ဝင်ရောက်လာပါက သတ်မှတ်ကာလအတွင်း ပို့ကုန်ဝင်ငွေ ဝင်ရောက်နိုင်ခြင်းမရှိသည့် အကြောင်းရင်းနှင့်တကွ PO Cheque အား ပြန်လည်ထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ကုန်သွယ်ရေးဇုန်၊ စခန်း သို့မဟုတ် ပို့ကုန်သွင်းကုန်ရုံးများမှတစ်ဆင့် ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရန်။

၃။ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် သက်ဆိုင်ရာနယ်စပ် ကုန်သွယ်ရေးဇုန်၊ စခန်း သို့မဟုတ် ပို့ကုန်သွင်းကုန်ရုံးများမှ တာဝန်ခံများသည် အောက်ပါလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) ကုန်သွယ်ရေးဇုန်၊ စခန်း သို့မဟုတ် ပို့ကုန်သွင်းကုန်ရုံးတာဝန်ခံသည် ပို့ကုန်လုပ်ငန်းရှင်၏ ပို့ကုန်လိုင်စင်လျှောက်ထားမှုတန်ဖိုးနှင့် ကုမ္ပဏီ၏ အပ်နှံငွေ (Deposit) ပမာဏ ကိုက်ညီမှု ရှိ မရှိ စိစစ်ရန်၊

(ခ) သတ်မှတ်ပမာဏ ကိုက်ညီခြင်း၊ ပို့ကုန်လိုင်စင်ပါ အချက်အလက်များ ပြည့်စုံမှန်ကန်ခြင်းများရှိပါက ပို့ကုန်လိုင်စင်လျှောက်ထားမှုအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းဌာန (ရုံးချုပ်)သို့ သတင်းပို့တင်ပြရန်၊

(ဂ) ပို့ကုန်လုပ်ငန်းရှင်၏ ပို့ကုန်ဝင်ငွေသည် သတ်မှတ်ကာလအတွင်း ဝင်ရောက်လာပါက သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးဇုန်၊ စခန်း သို့မဟုတ် ပို့ကုန်သွင်းကုန်ရုံး တာဝန်ခံ မှ PO Cheque ကို ပြန်လည်ထုတ်ပေးရန်နှင့် ထုတ်ပေးပြီးကြောင်း ရုံးချုပ်သို့ သတင်းပေးပို့တင်ပြရန်၊

(ဃ) ပို့ကုန်လုပ်ငန်းရှင်၏ ပို့ကုန်ဝင်ငွေသည် သတ်မှတ်ကာလအတွင်း ဝင်ရောက်ခြင်း မရှိသည့်အခြေအနေကိုလည်းကောင်း၊ သတ်မှတ်ကာလကျော်လွန်ပြီးမှ ပို့ကုန်ရငွေဝင်ရောက်ကြောင်း အထောက်အထားများပြသလာပါက လည်းကောင်း သက်ဆိုင်ရာကုန်သွယ်ရေးဇုန်၊ စခန်း သို့မဟုတ် ပို့ကုန်သွင်းကုန်ရုံး တာဝန်ခံက အချိန်နှင့် တစ်ပြေးညီ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ(ရုံးချုပ်)သို့ တင်ပြရန်၊

(င) သတ်မှတ်ကာလအတွင်း ပို့ကုန်ဝင်ငွေ ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီစာရင်းများကိုလည်းကောင်း၊ သတ်မှတ်ကာလကျော်လွန်ပြီးမှ ပို့ကုန်ဝင်ငွေ ဝင်ရောက်သော ကုမ္ပဏီစာရင်းကိုလည်းကောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ(ရုံးချုပ်)မှ စုစည်း၍ လုပ်ထုံး လုပ်နည်းနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြရန်၊

(စ) ပို့ကုန်ဝင်ငွေ ဝင်ရောက်ကြောင်းအထောက်အထား မှန်ကန်ပြီး ပို့ကုန်ဝင်ငွေ ဝင်ရောက်မှုနောက်ကျရသည့် အကြောင်းရင်းများသည် ခိုင်လုံမှုရှိပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အား ပြန်လည်ဖွင့်လှစ်နိုင်ရေး ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြသွားရန်၊

(ဆ) သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေဝင်ရောက်ခြင်းမရှိပါက အပ်နှံထားသော PO Cheque ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူနိုင်ရေး အဆင့်ဆင့်တင်ပြ ဆောင်ရွက်သွားရန်၊